Form (2)

210 - F

4 . 2 . 2016

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1079/2016 Date 4th February 2016

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. KIN CHEUNG TSANG

(b) Citizenship CHINESE

(c) Address FLAT A, 3/F, FAST INDUSTRIAL BUILDING, 658 CASTLE PEAK ROAD, LAI CHI KOK, KOWLOON, HONG KONG

(d) Name and Address of Principal Organization

(e) Place of incorporation

(f) Type of Investment Business MANUFACTURING OF GARMENT ON CMP BASIS

(g) Place(s) at which investment is permitted PLOT NO. 92, MYAY TAING BLOCK NO.14, SHWE THAN LWIN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 1.707 MILLION

(i) Period for Foreign Capital brought in WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 1.707 MILLION

(k) Construction period 1 YEAR

(l) Validity of investment permit 10 YEARS

(m) Form of investment WHOLLY FOREIGN OWNED

(n) Name of Company incorporated in Myanmar PAK CHUN INDUSTRIAL LIMITED

4/2

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် — စာအမှတ် ၂၃၃-ရ — ရက်စွဲ ၄-၂-၂၀၁၆)

ခွင့်ပြုမိန့်အမှတ် ၁၀၇၉/၂၀၁၆ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. KIN CHEUNG TSANG

(ခ) နိုင်ငံသား CHINESE

(ဂ) နေရပ်လိပ်စာ FLAT A, 3/F, FAST INDUSTRIAL BUILDING, 658 CASTLE PEAK ROAD, LAI CHI KOK, KOWLOON, HONG KONG

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ -

(င) ဖွဲ့စည်းရာအရပ်

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ် ၉၂၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁.၇၀၇ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၁) နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁.၇၀၇ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၁ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၁၀နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် PAK CHUN INDUSTRIAL LIMITED

၄/၂

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

210-F
4.2.2016

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.1,Thitsar Road,Yankin Township,Yangon

Our ref : DICA-3/FI-1293/2016(210-F) Tel: 01-658128
Date : 4th February 2016 Fax: 01-658141

Subject: Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Garment on CMP Basis" under the name of "Pak Chun Industrial Limited".

Reference: Pak Chun Industrial Limited Letter dated (23-11-2015).

1. The Myanmar Investment Commission, at its meeting (2/2016) held on (22-1-2016), had approved that the proposal for investment in "Manufacturing of Garment on CMP Basis" under the name of "Pak Chun Industrial Limited" submitted by Mr. Wan Hing Tsang (99%) and Mr. Kin Cheung Tsang (1%) from the People's Republic of China as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 10 (ten) years and extendable for another 5 (five) years two times period. The term of the Lease Agreement for land and building between U Aung Htun (a) Maung Khway and Daw San San Yee (Lessor) and Pak Chun Industrial Limited (Lessee) shall be initial 10 (ten) years from the date of signing of this Agreement and extendable 5 (five) years in 2(two) times period with the consent of the Lessor and the Lessee subject to the approval of Myanmar Investment Commission. On the expiry of the lease period, the lessee shall transfer the leased land and immovable properties to the lessor within 6 (six) months in good condition, ground damages having been refilled and repaired.

4. The annual rent for the land and building shall be US$ 65,061 (United States Dollar sixty-five thousand and sixty-one only) calculated at the rate of US$ 5 per square meter per year for uncovered area measuring 4819.81 square meter and calculated at the rate of US$ 6 per square meter per year for covered area measuring 6827.053 square meter.The rate of rent shall be

revised in view of prevailing land lease rates after every 5 (five) years and increase of the rent shall not be more than 10 % of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Pak Chun Industrial Limited shall have to sign the Lease Agreement for land and building with U Aung Htun (a) Maung Khway and Daw San San Yee. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Pak Chun Industrial Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Pak Chun Industrial Limited shall use its best efforts for timely realization of works stated on the proposal. If none of such works has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Pak Chun Industrial Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

Contd ...

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the investor cannot construct completely in time during the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

13. Pak Chun Industrial Limited shall endeavour to meet the targets for production and export stated in the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Pak Chun Industrial Limited has to follow the existing Labour Laws for the recruitment of staffs and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency.

16. Whenever Pak Chun Industrial Limited brings in foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection

Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Pak Chun Industrial Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Pak Chun Industrial Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Pak Chun Industrial Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare and submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Pak Chun Industrial Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Pak Chun Industrial Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments and also to appoint fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made from export earning (CMP charges) of Pak Chun Industrial Limited.

23. Pak Chun Industrial Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)
Chairman

Pak Chun Industrial Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Central Bank of Myanmar
13. Chairman, CMP Enterprises Supervision Committee
14. Office of the Yangon Region Government
15. Director General, Fire Services Department
16. Director General, Department of Environmental Conservation
17. Director General, Immigration and National Registration Department
18. Director General, Directorate of Industrial Supervision and Inspection
19. Director General, Directorate of Trade
20. Director General, Customs Department
21. Director General, Internal Revenue Department
22. Director General, Directorate of Investment and Company Administration

23. Director General, Department of Urban and Housing Development
24. Director General, Directorate of Labour
25. Managing Director, Myanma Electric Power Enterprise
26. Managing Director, Myanma Foreign Trade Bank
27. Managing Director, Myanma Investment and Commercial Bank
28. Managing Director, Myanma Insurance
29. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၃/ န-CMP/၂၀၁၆(၇၆)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Limited ၊ Yoo Win Manufacturing Co., Ltd. နှင့် PWR Fashion Company Limited တို့မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Limited ၊ Yoo Win Manufacturing Co., Ltd. နှင့် PWR Fashion Company Limited တို့မှ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုလုပ်ငန်းများနှင့် သက်ဆိုင်သော အချိန်ဇယား၊ ခန့်မှန်းခြေအကျိုးအမြတ်၊ လုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်အကျဉ်းချုပ်၊ ခန့်မှန်းခြေအကျိုးအမြတ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီတို့၏ လုပ်ငန်းအပေါ် ခွင့်ပြုကြောင်း သဘောထားပြန်ကြားချက်များကို ပူးတွဲအဖြစ် တင်ပြအပ်ပါသည်။

၃။ အဆိုပြုတင်ပြချက်များအရ လုပ်ငန်းများ၏ အဓိကအချက်အလက်များဖြစ်သော တည်နေရာ၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မည့်ပစ္စည်း၊ လုပ်သားအင်အား၊ မြေငှားကာလနှင့် မြေငှားရမ်းခစသည့်အချက်တို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်-

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ထုတ်လုပ်မည့်ပစ္စည်း	လုပ်သားအင်အား	မြေငှားရမ်းကာလ	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခနှုန်း
Pak Chun Industrial Limited	မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	US$ ၁.၇၀၇ သန်း	Ladies tank-top, Ladies short, sleeve top, Ladies v-neck, long sleeve top	၁၄၃၀ ဦး ပြည်တွင်း ၁၄၀၀ ဦး ပြည်ပ ၃၀ ဦး	(၁၀)နှစ် (သက်တမ်းတိုး၅နှစ်၂ကြိမ်)	US$ ၆၅,၀၆၀ မြေ (တစ်နှစ်တစ်စတုရန်းမီတာလျှင် US$ ၅ နှုန်း) အဆောက်အဦး (တစ်နှစ်တစ်စတုရန်း မီတာ လျှင် US$ ၆ နှုန်း)

Yoo Win Manufacturing Co., Ltd.	မြေကွက်အမှတ်-၁၇၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း(၂)၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	US$ ၀.၇၇၃ သန်း	Pants (men), Pants (ladies), Jacket (men), Jacket (ladies)	**၇၉၁ ဦး** ပြည်တွင်း ၇၇၅ ဦး ပြည်ပ ၁၆ ဦး	(၁၀) နှစ် (သက်တမ်းတိုး ၅ နှစ် ၂ကြိမ်)	ကျပ်၆၀,၀၀၀,၀၀၀ (တစ်နှစ် တစ်စတုရန်းမီတာလျှင် ကျပ် ၈,၁၆၈.၇၆၅ နှုန်း)
PWR Fashion Company Limited	မြေကွက်အမှတ်-၂၈၇(C)နှင့် ၂၈၇(D)၊ မြေတိုင်းရပ်ကွက်အမှတ်-C -၁၃၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	US$ ၁.၃၀ သန်း	Jackets, Hood Jackets, Down Coat, Down Hood Coat,Vest with Coat, Pants-1, Vest, Pants-2	**၁၀၉၃ ဦး** ပြည်တွင်း ၁၀၇၅ ဦး ပြည်ပ ၁၈ ဦး	၁၀ နှစ်	US$ ၄၉,၂၈၄.၆၉ (တစ်နှစ်တစ်စတုရန်းမီတာလျှင် US$ ၆ နှုန်း)

၄။ အဆိုပြုကုမ္ပဏီများမှ တင်သွင်းမည့် စက်ပစ္စည်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအရ တင်သွင်းခွင့်ပြုပါရန် တင်ပြထားပါသည်။

၅။ အဆိုပါလုပ်ငန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ ၏ စီးပွားရေးလုပ်ငန်းအမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၄၄/၂၀၁၅ (၃၀-၁၁- ၂၀၁၅)၊ ၄၀/၂၀၁၅ (၂-၁၁-၂၀၁၅) နှင့် ၃၈/၂၀၁၅ (၁၉-၁၀-၂၀၁၅) နှင့် ၄၁/၂၀၁၅ (၉-၁၁-၂၀၁၅) အစည်းအဝေးများသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၇။ အဆိုပြုလုပ်ငန်းများမှ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၈။ သို့ဖြစ်ပါ၍ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Limited ၊ Yoo Win Manufacturing Co., Ltd. နှင့် PWR Fashion Company Limited တို့မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Limited , Yoo Win Manufacturing Co., Ltd., နှင့် PWR Fashion Company Limited တို့မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Pak Chun Industrial Limited - Mr. Kin Cheung Tsang (တရုတ်)	- Yoo Win Manufacturing Co., Ltd. - Mr. Luo Muzhen (တရုတ်)	- PWR Fashion Company Limited - Mr. Wang, Jun (တရုတ်)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Mr. Wan Hing Tsang (တရုတ်) ၉၉ % - Mr. Kin Cheung Tsang (တရုတ်) ၁ %	- ရခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Mr. Luo Muzhen (တရုတ်) ၀.၀၄ % - Mr. Jia Long (စင်ကာပူ) ၄၉.၉၈ % - Mr. Zhong Yongjiang (တရုတ်) ၄၉.၉၈ %	- ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Mr. Xu, Yingwei (တရုတ်) ၉၉ % - Mr. Wang, Jun (တရုတ်) ၁ %
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း	- CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း	- CMPစနစ်ဖြင့် အထည်ချုပ် လုပ်ငန်း
၂	တည်နေရာ	- မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင် စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	- မြေကွက်အမှတ်- ၁၇ ၊ မြေတိုင်းရပ်ကွက် အမှတ်- အပိုင်း(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	- မြေကွက်အမှတ်-၂၈၇(C) နှင့် ၂၈၇(D)၊ မြေတိုင်းရပ်ကွက်အမှတ် (C)၁၃၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးအောင်ထွန်း၊ ဒေါ်စန်းစန်းရီ	- Glory Victory Industries Co., Ltd.	- ဦးရှိရိုးချိန်(ခ) ဦးကျော်စိန်လင်း
	မြေအကျယ်အဝန်း	- ၂.၈၇၈ ဧက (၁၁၆၄၆.၈၆ စတုရန်းမီတာ)	- ၁.၈၁၅ ဧက (၇,၃၄၅.၀၅၁ စတုရန်းမီတာ)	- ၂.၀၃ ဧက(၈,၂၁၅.၁၂၅ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၁၄၀ ပေ x ၅၂၅ ပေ (တစ်ထပ် စက်ရုံ အဆောက်အဦ ၁ လုံး)	- (၁၄၆ ပေ x ၂၇၅ ပေ) အကျယ်အဝန်း ရှိသော ၃ ထပ် စက်ရုံ အဆောက်အဦ ၁ လုံး	- (၂၀၀ ပေ x ၁၄၀ ပေ) အကျယ်အဝန်း ရှိသော ၁ ထပ် စက်ရုံ အဆောက်အဦ ၂ လုံး
၃	နှစ်စဉ်မြေနှင့် အဆောက်အဦငှားရမ်းခ	- US$ ၆၅,၀၆၁ - မြေ(၄,၈၁၉.၈၁ စတုရန်းမီတာ)အတွက် တစ်နှစ် တစ်စတုရန်း မီတာလျှင် US$ ၅ နှုန်း - အဆောက်အဦ(၆၈၂၇.၀၅စတုရန်းမီတာ) အတွက် တစ်နှစ် တစ် စတုရန်းမီတာလျှင် US$ ၆ နှုန်း	- ကျပ် ၆၀,၀၀၀,၀၀၀ - တစ်နှစ် တစ်စတုရန်းမီတာလျှင် ကျပ် ၈,၁၆၈.၇၆ နှုန်း	US $ ၄၉,၂၈၄.၆၉ - တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၆ နှုန်း
	မြေငှားသက်တမ်း	- ကနဦး ၁၀ နှစ်(သက်တမ်းတိုး ၅နှစ် ၂ကြိမ်)	- ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်)	- ၁၀ နှစ်

၄	လုပ်ငန်းသက်တမ်း	- ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅နှစ် ၂ကြိမ်)	- ၂၀ နှစ်	- ကနဦး ၅၀ နှစ် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်
	ပြုပြင်မွမ်းမံမှုကာလ	- ၁ နှစ်	- ၉ လ	- ၁ နှစ်
၅	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၁.၇၀၇ သန်း	- အမေရိကန်ဒေါ်လာ ၀.၇၇၃ သန်း	- အမေရိကန်ဒေါ်လာ ၁.၃၀ သန်း
	ထည့်ဝင်သည့် အမျိုးအစား	- US$ သန်း	- US$ သန်း	- US$ သန်း
	ငွေသား	၀.၁၅၀	၀.၂၀၀	၀.၁၅
	စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၁.၃၃၆	၀.၅၅၃	၀.၉၀
	စက်နှင့်စက်ပစ္စည်း (ပြည်တွင်း)		-	-
	အဆောက်အဦ	-	-	၀.၁၄
	ရုံးသုံးကိရိယာ (ပြည်ပ)		-	၀.၁၁
	ရုံးသုံးပစ္စည်း (ပြည်တွင်း)	၀.၂၂၁	၀.၀၁၉	-
	လျှပ်စစ်ပစ္စည်း (ပြည်ပ)	-	-	-
	မော်တော်ယာဉ်(ပြည်တွင်းဝယ်)	-	-	-
	ပရိဘောဂ (ပြည်တွင်း)	-	-	-
	စုစုပေါင်း	၁.၇၀၇	၀.၇၇၃	၁.၃၀
၆	ဝန်ထမ်းအင်အား (ပထမနှစ်)	**- ၁၄၃၀ ဦး**	**- ၇၉၁ ဦး**	**- ၁,၁၉၃ ဦး**
	ပြည်တွင်း	- ၁၄၀၀ ဦး	- ၇၇၅ ဦး	- ၁,၁၇၅ ဦး
		- ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး လစာမှာ ကျပ် ၁၁၀,၀၀၀ ၊ အမြင့်ဆုံးဝန်ထမ်း တစ်ဦး လစာမှာ ကျပ် ၅၀၀,၀၀၀	- ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး လစာမှာ ကျပ် ၁၂၀,၀၀၀၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦးလစာမှာ ကျပ် ၁၈၀,၀၀၀	- ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၁၁၀,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာ ကျပ် ၃၀၀,၀၀၀)
	ပြည်ပ	- ၃၀ဦး	- ၁၆ ဦး	- ၁၈ ဦး
		- ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၁,၂၀၀ ၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၂,၀၀၀	- ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၉၀၀ ၊ အမြင့်ဆုံးဝန်ထမ်း တစ်ဦး လစာမှာ US$ ၁,၂၀၀	- ပြည်ပအနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ US $ ၃၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာ US $ ၆၀၀
၇	ရောင်းချမည့်စနစ်	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း

၈	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- US$ ၇.၁၁၄ သန်း	- US$ ၁.၇၂ သန်း	- US$ ၄.၈၂ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်)	- US$ ၆.၇၅၀ သန်း	- US$ ၁.၅၈ သန်း	- US$ ၄.၄၂ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၀.၃၆၄ သန်း	- US$ ၀.၁၄ သန်း	- US$ ၀.၄၀ သန်း
၉	ထုတ်လုပ်မှုအရေအတွက်နှင့် CMP လက်ခ (ပထမနှစ်)	ထုတ်လုပ် မည့်ပစ္စည်း / ပြည်ပပို့ (Pcs) / CMP လက်ခ (US$/Pcs) Ladies tanktop / ၅,၃၂၅,၀၇၅ / ၀.၂၉ Ladies short sleeve top / ၆,၆၅၆,၃၄၄ / ၀.၃၇ Ladies v-neck long sleeve top / ၆,၆၅၆,၃၄၄ / ၀.၄၇	ထုတ်လုပ် မည့်ပစ္စည်း / ပြည်ပပို့ (Pcs) / CMP လက်ခ (US$/ Pcs) Pants (men) / ၆၆,၀၀၀ / ၂.၁၀ Pants (ladies) / ၅၅၀,၀၀၀ / ၂.၁၀ Jacket (men) / ၃၃,၀၀၀ / ၂.၅၀ Jacket (ladies) / ၁၃၂,၅၀၀ / ၂.၅၀	ထုတ်လုပ် မည့်ပစ္စည်း / ပြည်ပပို့ (Pcs) / CMP လက်ခနှုန်း (US$/Pcs) Jackets / ၃၂၂,၄၀၀ / ၂.၃၉ Hood Jackets / ၂၇၂,၄၀၀ / ၂.၄၉ Down Coat / ၄၂၂,၄၀၀ / ၆.၀၃ Down Hood Coat / ၄၂၂,၄၀၀ / ၆.၀၃ Vest with Coat / ၃၂၂,၄၀၀ / ၂.၈၀ Pants-1 / ၁၂၂,၄၀၀ / ၁.၃၅ Vest / ၁၇၂,၄၀၀ / ၁.၇၇ Pants-2 / ၁၂၂,၄၀၀ / ၁.၂၅
၁၀	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်) ဝင်ငွေခွန်	- US$ ၀.၁၂၀ သန်း (အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ်နှုန်း ဖြင့် တွက်ချက်ထားပါသည်)	- US$ ၀.၀၄ သန်း (၁ US$ = ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက် တင်ပြထားပါသည်)	- US$၀.၁၃ သန်း (၁ US$ = ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက် တင်ပြထားပါသည်)
	အရင်းကြေကာလ	- ၃ နှစ် ၄ လ	- ၄ နှစ် ၂ လ	- ၅ နှစ်
	အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၂၈.၄၂ %	- ၂၄.၁၀ %	- ၃၀.၂၈ %

၁၁	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၄၀၀ KVA	- ၆၀၀,၀၀၀ kWh	- ၁၂၀,၀၀၀ Unit
၁၂	ငွေရေးကြေးရေးအထောက်အထား နှင့် လုပ်ငန်းအတွက်တင်ပြချက်	- DBS Bank (Hong Kong) Limited. တွင် Mr. Tsang Wan Hing အမည်ဖြင့် ၁၄-၁၁-၂၀၁၅ ရက်စွဲတွင် အမေရိကန်ဒေါ်လာ ၁,၈၀၀,၀၀၀.၀၀ ရှိကြောင်းနှင့် Dakota Industrial Co.,Ltd. နှင့် Pak Chun Industrial Ltd. တို့ချုပ်ဆိုထားသော Processing Contract တင်ပြထားပါသည်။	-တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Bank of China တွင် (၁၄-၇-၂၀၁၅) ရက်စွဲဖြင့် Mr. Zhong Yongjiang သည် တရုတ်ယွမ် ၉၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၄၆,၇၂၇.၅၀) နှင့် CMP Contract တို့ကို တင်ပြထားပါသည်။	- Mr. Xu, Yingwei သည် Dalian Development Zone Xinhui Rural Bank တွင် ၃၁-၈-၂၀၁၅ ရက်စွဲဖြင့် RMB ၁၅,၀၀၀,၀၀၀ (US $ ၂,၃၅၉,၆၅၀.၀၀) နှင့် SPD Bank တွင် ၈-၉-၂၀၁၅ ရက်စွဲဖြင့် RMB ၈,၀၀၀,၀၀၀ (US$ ၁၂၅၈,၄၈၀.၀၀) ရှိကြောင်း ထောက်ခံစာအား တင်ပြထားပါသည်။
၁၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (အကြိမ်/ရက်စွဲ)	- ၄၄/၂၀၁၅ (၃၀-၁၁-၂၀၁၅)	- ၃၈/၂၀၁၅(၁၉-၁၀-၂၀၁၅)နှင့် ၄၁/၂၀၁၅ (၉-၁၁-၂၀၁၅)	- ၄၀/၂၀၁၅ (၂-၁၁-၂၀၁၅)
၁၄	ပုဂ္ဂလိကမြေကိုငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး (အကြိမ်/ရက်စွဲ)	- တင်ပြထားဆဲဖြစ်ပါသည်။	- တင်ပြထားဆဲဖြစ်ပါသည်။	- တင်ပြထားဆဲဖြစ်ပါသည်။
၁၅	Cost & Benefit	- ၁ း ၅	- ၁း၇	- ၁ : ၆
၁၆	စုစုပေါင်း ကြာမြင့်ရက်	- ၅၆ ရက်	- ၉၆ ရက်	- ၈၇ ရက်
၁၇	သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်အကျဉ်းချုပ် တိုင်းဒေသကြီး အစိုး ရအဖွဲ့	- **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** အစည်းအဝေး အမှတ်စဉ် ၅၇/၂၀၁၅ (၁၅-၁၂-၂၀၁၅)မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ကြောင်း သဘောထား ပြန်ကြား ထားပါသည်။	- **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** အစည်းအဝေး အမှတ်စဉ် ၅၇/၂၀၁၅ (၁၅-၁၂-၂၀၁၅) မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ကြောင်း သဘောထား ပြန်ကြားထားပါသည်။	- **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** အစည်းအဝေး အမှတ်စဉ် ၅၆/၂၀၁၅ (၁၀-၁၂-၂၀၁၅)မှ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထားပြန်ကြား ထားပါသည်။
	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန	- ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်း များအတွက် သုံးစွဲ	- ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်း များအတွက်	- စွန့်ပစ် ပစ္စည်းများ စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သော စွန့်ပစ်

		မည့်ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် သဘောထား မှတ်ချက်အပေါ် **ကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။**	သုံးစွဲမည့်ရန်ပုံငွေ စသည် တို့ပါဝင်သည့် ပတ်ဝန်း ကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan -EMP) ရေးဆွဲ တင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများ နှင့်အညီ ဆောင်ရွက်ရန် သဘောထား မှတ်ချက်အပေါ် **ကုမ္ပဏီမှ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံ ကတိပြုထားပါသည်။**	ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည့်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP) ရေးဆွဲ တင်ပြရန် နှင့် ၎င်းအစီအစဉ်ပါ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောထားမှတ်ချက်အပေါ် **ကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံ ကတိပြုထား ပါသည်။**
	စက်မှုဝန်ကြီးဌာန	- စက်မှုဝန်ကြီးဌာနမှ လိုအပ်ချက်များ မှတ်ချက်ပြုထားခြင်း အပေါ် **ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို စက်မှုဝန် ကြီးဌာနမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။**	- စက်မှုဝန်ကြီးဌာနမှ လိုအပ်ချက်များ မှတ်ချက် ပြုထားခြင်း အပေါ် **ကုမ္ပဏီမှ ပြင်ဆင် တင်ပြခြင်းကို စက်မှုဝန် ကြီးဌာနမှ စိစစ် လက်ခံပြီး ဖြစ်ပါသည်။**	- စက်မှု ဝန်ကြီးဌာနမှ လိုအပ်ချက်များ မှတ်ချက် ပြုထားခြင်း အပေါ် **ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို စက်မှုဝန်ကြီး ဌာနမှ စိစစ် လက်ခံပြီး ဖြစ်ပါသည်။**
	CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ	- CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ လိုအပ်ချက်များ မှတ်ချက်ပြုထားခြင်း အပေါ် **ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို CMP လုပ်ငန်းများ ကြီးကြပ် ရေးကော်မတီမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။**	- CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ လိုအပ်ချက်များ မှတ်ချက်ပြုထားခြင်း အပေါ် **ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီမှ စိစစ်လက်ခံပြီး ဖြစ်ပါသည်။**	- CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီမှ လိုအပ်ချက်များ မှတ်ချက် ပြုထားခြင်းအပေါ် **ကုမ္ပဏီမှ ပြန်လည် ပြင်ဆင် ချက်များကို CMP လုပ်ငန်း များ ကြီးကြပ်ရေးကော်မတီမှ စိစစ် လက်ခံပြီး ဖြစ်ပါသည်။**
၁၈	CSR	- ၂%	- ၂ %	- ၂%
၁၉	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး လုပ်ငန်း၊ မီးငြိမ်းသတ်ရေး လုပ်ငန်း စီမံချက် ရေးဆွဲ တင်ပြထားပါသည်။	- မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်း၊ မီးငြိမ်းသတ်ရေး လုပ်ငန်း စီမံချက်ရေးဆွဲ တင်ပြထားပါသည်။	မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်း၊ မီးငြိမ်းသတ်ရေး လုပ်ငန်း စီမံချက်ရေးဆွဲ တင်ပြထားပါသည်။

ကုမ္ပဏီအမည် - Pak Chun Industrial Ltd.
လုပ်ငန်း - CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၂၃-၁၁-၂၀၁၅		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က)ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၁-၁၂-၂၀၁၅	၁၈-၁၂-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၁-၁၂-၂၀၁၅	၁၀-၁၂-၂၀၁၅	
	(ဂ) စက်မှုဝန်ကြီးဌာန	၁-၁၂-၂၀၁၅	၁၆-၁၂-၂၀၁၅	
	စက်မှုဝန်ကြီးဌာန (ဒုတိယအကြိမ်)	၈-၁-၂၀၁၆	၁၉-၁-၂၀၁၆	
	(ဃ) CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ	၁-၁၂-၂၀၁၅	၁၈-၁၂-၂၀၁၅	
	CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (ဒုတိယအကြိမ်)	၈-၁-၂၀၁၆	၁၉-၁-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း (၄၄/၂၀၁၅)	၃၀-၁၁-၂၀၁၅		
၄	အဆိုပြုလွှာ လက်ခံကြောင်းပြန်ကြားခြင်း	၃၀-၁၁-၂၀၁၅		
၅	အဆိုပြုချက် စိစစ်ရေးအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက် ပြန်ကြားခြင်း	၇-၁၂-၂၀၁၅		
၆	ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်၍ အဆိုပြုလွှာ(၁၀)စုံပေးပို့ခြင်း	၁၈-၁-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် (၅၇) ရက်			

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Ltd. တည်ထောင်ကာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Pak Chun Industrial Ltd. Mr. Kin Cheung Tsang (Chinese)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Mr. Wan Hing Tsang (Chinese) ၉၉ % - Mr. Kin Cheung Tsang (Chinese) ၁ %
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင် စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးအောင်ထွန်း၊ ဒေါ်စန်းစန်းရီ
	မြေအကျယ်အဝန်း	- ၂.၈၇၈ ဧက (၁၁၆၄၆.၈၆ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၁၄၀ ပေ x ၅၂၅ ပေ (၁ ထပ်အဆောက်အဦတစ်လုံး)
	မြေငှားရမ်းကာလ	- ကနဦး ၁၀ နှစ်(သက်တမ်းတိုး ၅နှစ် ၂ကြိမ်)
၃။	နှစ်စဉ်မြေနှင့်အဆောက်အဦ ငှားရမ်းခ	- US$ ၆၅,၀၆၁ - မြေ(၁၁၆၄၆.၈၆စတုရန်းမီတာ)အတွက် တစ်နှစ် တစ်စတုရန်း မီတာလျှင် US$ ၅ နှုန်း - အဆောက်အဦ(၆၈၂၇.၀၅စတုရန်းမီတာ)အတွက် တစ်နှစ် တစ်စတုရန်း မီတာ လျှင် US$ ၆ နှုန်း
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅နှစ် ၂ကြိမ်)
	တည်ဆောက်ရေးကာလ	- ၁ နှစ်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- US$ ၁.၇၀၇ သန်း
		US$ (သန်း) **ပြည်ပ**
	ငွေသား	၀.၁၅၀
	စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၁.၃၃၆
	ရုံးသုံးပစ္စည်း(ပြည်တွင်း)	၀.၂၂၁
	စုစုပေါင်း	၁.၇၀၇
၆။	ဝန်ထမ်းအင်အား(ပထမနှစ်)	- ၁၄၃၀ ဦး
	ပြည်တွင်း	- ၁၄၀၀ ဦး (ပြည်တွင်းအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၁၁၀,၀၀၀ နှင့် အမြင့်ဆုံးလစာ ကျပ် ၅၀၀,၀၀၀)
	ပြည်ပ	- ၃၀ဦး (ပြည်ပအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏လစာအမေရိကန်ဒေါ်လာ ၁,၂၀၀ နှင့် အမြင့်ဆုံးလစာ အမေရိကန်ဒေါ်လာ ၂,၀၀၀)

၇။	ရောင်းချမည့်စနစ်	- ၁၀၀% ပြည်ပပို့
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဌမနှစ်) ကုမ္ပဏီ၏အသုံးစရိတ်(ဆဌမနှစ်) ကုမ္ပဏီ၏အသားတင်အမြတ်(ဆဌမနှစ်)	- US$ ၇.၁၁၄ သန်း - US$ ၆.၇၅၀ သန်း - US$ ၀.၃၆၄ သန်း
၉။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ဆဌမနှစ်)	
	ဝင်ငွေခွန်	- US$ ၀.၁၂၁ သန်း
	အရင်းကြေကာလ	- ၃ နှစ် ၄ လ
၁၀။	အရင်းအနှီးအပေါ်အကျိုး အမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၈.၄၂ % (အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။)
၁၁။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၄၀၀ KVA

ထုတ်လုပ်မှုနှင့်CMPလက်ခနှုန်း (၆နှစ်မြောက်)

အမျိုးအစား	**ထုတ်လုပ်မှု (Pcs)**	**CMPလက်ခနှုန်း (US$ / Pcs)**
Ladies tanktop	၅,၃၂၅,၀၇၅	၀.၂၉
Ladies short sleeve top	၆,၆၅၆,၃၄၄	၀.၃၇
Ladies v-neck long sleeve top	၆,၆၅၆,၃၄၄	၀.၄၇

၁၂။	CSR	- ၂%
၁၃။	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေး အန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်း စီမံချက်ရေးဆွဲတင်ပြထားပါသည်။
၁၄။	အခြား	- Pak Chun Industrial Ltd.၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း(မူကြမ်း)၊ ဒါရိုက်တာစာရင်း၊ ဒါရိုက်တာများ၏ Passport (မိတ္တူများ)၊ အဆောက်အဦ၏ Layout Plan တို့ကို တင်ပြထားပါသည်။ - မြေပိုင်ရှင် ဦးအောင်ထွန်း၊ဒေါ်စန်းစန်းရီ နှင့် Pak Chun Industrial Ltd. တို့ ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦ ငှားရမ်းစာချုပ် (မူကြမ်း) တို့ကိုလည်း တင်ပြထားပါသည်။ - Dakota Industrial Co.,Ltd. နှင့် Pak Chun Industrial Ltd. တို့ချုပ်ဆိုထားသော Processing Contract တင်ပြ ထားပါသည်။ - ငွေရေးကြေးရေး အထောက်အထားအဖြစ် DBS Bank (Hong Kong) Limited. တွင် Mr. Tsang Wan Hing အမည်ဖြင့် ၁၄-၁၁-၂၀၁၅ ရက်စွဲတွင် အမေရိကန်ဒေါ်လာ ၁,၈၀၀,၀၀၀.၀၀ရှိကြောင်း တင်ပြထားပါသည်။

ကုမ္ပဏီအမည်	-	Pak Chun Industrial Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင် စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၁.၇၀၇ သန်း
ရောင်းချမည့်စနစ်	-	ပြည်ပသို့ ၁၀၀ % တင်ပို့မည်ဖြစ်ပါသည်။
လုပ်ငန်းသက်တမ်း	-	ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅နှစ် ၂ ကြိမ်)
အရင်းကြေကာလ	-	၃ နှစ် ၄ လ
IRR	-	၂၈.၄၂ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	၃.၀၀ (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၇
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၁၆၀.၂၇	
၄	ဝင်ငွေခွန်	၇၂၆.၀၀	၁၅၄၈.၈၀
၅	လျှော့စစ်မီးသုံးစွဲခ		၁၀၂၃.၉၉
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ်ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၅၃) ဦး
၇	CSR (၂ %)		၁၀၀.၈၀
၈	မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေ		၉၃၆.၈၈
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၁၃၀၀ ဦး ပြည်ပ ၃၀ ဦး ပြည်တွင်းလုပ်သား (၁၃၀၀) ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသ အလုပ်အကိုင်အခွင့်အလမ်း နှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေပါ သည်။
	စုစုပေါင်း	**၈၈၉.၂၇**	**၃၆၁၁.၆၅**
	Cost : Benefit	၁ : ၅	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁. ၁၂. ၂၀၁၅)ရက်စွဲပါစာအမှတ်၊ ရက - ၃/ န-၁၂၉၃ / ၂၀၁၅ (၁၆၆၇)

၁။ ဟောင်ကောင်မှ Mr. Wan Hing Tsang မှ ၉၉%နှင့် Mr. Kin Cheung Tsang မှ ၁% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Pak Chun Industrial Ltd. တည်ထောင်ကာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာစုစုပေါင်း ၂. ၈၇၈ ဧက(၁၁၆၄၆. ၈၆ စတုရန်းမီတာ)ရှိ မြေအားငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၁၃၀၀)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူ ဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် မြေကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာစုစုပေါင်း ၂. ၈၇၈ ဧက(၁၁၆၄၆. ၈၆ စတုရန်းမီတာ)အား (၁စတုရန်းမီတာ= USD 5 $/ m^2/year)နှုန်းဖြင့်၊ (၁)နှစ်လျှင်(USD-58234.315 $)နှုန်း၊ အဆောက်အဦ ၁. ၆၈၇၈ ဧက(၆၈၂၇. ၀၅၃ စတုရန်းမီတာ)အား (၁စတုရန်းမီတာ= USD 6 $/ m^2/year)နှုန်း၊ (၁)နှစ်လျှင်(USD-40962.318 $)နှုန်းဖြင့် စုစုပေါင်း(၁)နှစ်လျှင်(USD-99196.633 $)နှုန်းဖြင့် နှစ်(၆၀) ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

D/2015/C-blnc/57.(7)

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် (၁၅. ၁၂. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၇/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၁)အရ Pak Chun Industrial Ltd. ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Pak Chun Industrial Ltd.
လက်ခံစာတွဲ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

DPT-5547
14.12.15

စာအမှတ် ၃(၂)/၁၆(ဃ)(၁)/(၃၅၀၄ /၂၀၁၅)
ရက်စွဲ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

သို့

1. 2180
16/15

✓မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက - ၃ / န - ၁၂၉၃ / ၂၀၁၅ (၁၆၆၈)

၁။ ဟောင်ကောင်ရှိ Mr. Wan Hing Tsang မှ ၉၉ % နှင့် Mr. Kin Cheung Tsang မှ ၁ % ထည့်ဝင်၍ မြန်မာနိုင်ငံတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Pak Chun Industrial Ltd. တည်ထောင်ကာ မြေကွက်အမှတ် - ၉၂ ၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၄ ၊ ရွှေသံလွင်စက်မှုဇုန် ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ စုစုပေါင်း (၂.၈၇၈) ဧက (၁၁၆၄၆.၈၆ စတုရန်းမီတာ) ရှိ မြေအား ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ စိစစ်ရာတွင် အဓိကအသုံးပြုမည့် Fabric ကုန်ကြမ်းပိတ်စ / ပစ္စည်းများသည် ဆွေးမြည့်ပျက်စီးရန် အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်နိုင်ခြင်း ၊ လုပ်ငန်းစဉ်အဆင့်တိုင်း တွင်ထွက်ရှိလာမည့် ပိတ်ဖြတ်စများ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထု နှင့် မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ ပိတ်စဖြတ်ခြင်း ၊ ပုံစံညှပ်ခြင်း ၊ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် စက်များ အသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်းစသော ပတ်ဝန်းကျင် ထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်စေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ Pak Chun Industrial Ltd. မှ အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ အဆိုပြု တင်ပြလာခြင်း နှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးအတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များ အသုံးပြုခြင်း နှင့် အဆိုပြုလွှာတွင် ပါဝင်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု(CSR) လုပ်ငန်းများအတွက် အသားတင် အမြတ်ငွေ (၂ %) အား အသုံးပြုခြင်းတို့ အပါအဝင် ကတိ

ကဝတ်များ နှင့် လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ခ) စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ် ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းပညာများ ၊ လုပ်ငန်း အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ ၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ရေးဆွဲတင်ပြရန် နှင့် EMP အစီအစဉ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ နှင့် အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့ နှင့် ဒေသခံပြည်သူများ၏ ဆန္ဒ နှင့် သဘောထား ရယူဆောင်ရွက်ရန်။

၁၀/၂

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွန့် ၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁- စမ(၂)၂၀၁၅-၂၀၁၆ (၃၀၁၉)

ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁.၁၂.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/ န-၁၂၉၃ / ၂၀၁၅ (၁၆၆၉)

၁။ Pak Chun Industrial Ltd.မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၂)တွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှု၊ ဘွိုင်လာအသုံးပြုမှုများကို လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတို့နှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်း သုံးစွဲမှုနှုန်းတင်ပြချက် ဆီလျော်မှု ရှိပါသည်။

(စ) စက်အင်အားနှင့်ဝန်ထမ်းအင်အား တင်ပြချက်အရ ကုန်ထုတ်လုပ်မှု ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် ဝန်ထမ်းအင်အား တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဆ) CMP လုပ်ခနှုန်းတင်ပြချက်တွင် လျော့နည်းနေသဖြင့် အနည်းငယ်စီတိုးမြှင့် ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

(ဇ) နှစ်အလိုက် ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်းလိုအပ်ချက် တင်ပြမှုတွင် Ladies Short Sleeve top အတွက် နှစ်အလိုက် ကုန်ကြမ်းလိုအပ်ချက် လျော့နည်းတွက်ချက်ထားသဖြင့် ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Pak Chun Industrial Ltd. မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၆.၁၂.၁၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

☏ -၀၁-၆၅၈၁၂၈
🖷 -၀၁-၆၅၈၁၄၁

စာအမှတ်၊ရက-၃/ န-၁၂၉၃/၂၀၁၆(၂၉၈၁)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်

အဆိုပြုလွှာအပေါ် ထပ်မံစိစစ်ချက်

Pak Chun Industrial Ltd. သည် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ပေးပို့ခဲ့သော သဘောထားမှတ်ချက်နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည်ဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင် တင်ပြလာပါသဖြင့် ၎င်းပြင်ဆင်ချက်ကို အောက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
[illegible]

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁။	စက်မှုဝန်ကြီးဌာန	(ဝင်းနိုင်) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	
၂။	အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း			လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄ -အလ/ခွဲ(၂) ၂၀၁၅(၁၂၂၉)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pak Chun Industrial Ltd မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း သဘောထားမှတ်ချက်တောင်းခံခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၁၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက- ၃/န- ၁၂၉၃/၂၀၁၅(၁၆၇၀)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန် ၊ မြေကွက် အမှတ် (၉၂)၌ ဟောင်ကောင်မှ Mr.Wan Hing Tsang က ၉၉% နှင့် Mr. Kin Cheung Tsang က ၁% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Pak Chun Industrial Ltd တည်ထောင်ပြီး ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် တင်ပြလာမှုအပေါ် CMP လုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေး ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် အထည်ချုပ်စက်ရုံ အမှတ် (၁၇) စက်ရုံမှူး ဒေါ်လှသီတာတို့သည် ၈-၁၂-၂၀၁၅ ရက်နေ့တွင် စက်ရုံသို့ သွားရောက်၍ စစ်ဆေးခဲ့ပါသည်။

၂။ Pak Chun Industrial Ltd ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

ချုပ်ထည်	တစ်ထည်လိုအပ်ချက်နှုန်းထား	ကိုက်ညီမှုရှိ/မရှိ
1. Ladies' Tanktop	0.70 yd/pc	ကိုက်ညီမှုရှိပါသည်။
2. Ladies' Short Sleeve Top	0.87 yd/pc	״
3. Ladies' V-neck Long Sleeve Top	1.25 yds/pc	״

အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည် လိုအပ်ချက်နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပြီး Tanktop တွင် Silicon Tape နှင့် Short Sleeve Topတွင် Lace သုံးစွဲမှုများနေ၍ ပြင်ဆင်တင်ပြသင့်ပါသည်။

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်ထည်လိုအပ် ချက်နှုန်းထား	လိုအပ်မည့် ကုန်ကြမ်းအရေ အတွက်
1. Ladies' Tanktop	4000000 pcs	0.70 yd/pc	2800000 yds
2. Ladies' Short Sleeve Top	5000000 pcs	0.87 yd/pc	4350000 yds
3. Ladies' V-neck Long Sleeve Top	5000000 pcs	1.25 yds/pc	6250000 yds

အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 13400000 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်တွင် 10790000 yds ဖော်ပြထားသဖြင့် 2610000 yds လျော့နေသဖြင့် ပြင်ဆင်တင်ပြသင့်ပါသည်။

(ခ) CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ

အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိလက်ခနှုန်းထားနှင့် နှိုင်းယှဉ်ရာတွင် နည်းနေကြောင်း တွေ့ရှိရ၍ ပြင်ဆင်တင်ပြသင့်ပါသည်-

ချုပ်ထည်	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	အထည်ချုပ်အသင်း လက်ရှိ CMP လက်ခနှုန်းထား
1. Ladies' Tanktop	2.28 US$/dz	4.5-5 US$/dz
2. Ladies' Short Sleeve Top	2.64 US$/dz	6-6.5 US$/dz
3. Ladies' V-neck Long Sleeve Top	3.60 US$/dz	6.5-7.5 US$/dz

(ဂ) နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ အမျိုးသမီးဝတ် Ladies' Tanktop ၊ Ladies' Short Sleeve Top နှင့် Ladies' V-neck Long Sleeve Top တို့ဖြစ်ပြီး အဓိက စက်အနေဖြင့် Single Needle Machines ၅၀၀ လုံး၊ Over Lock Machines ၂၅၀ လုံး၊ Double Needle Machines ၂၀ လုံး၊ Flat Lock Sewing Machines ၂၀၀ လုံး ဟု ဖော်ပြထားခြင်း၊ Sewing Workers ၅၀၀ ဦး၊ Helpers ၄၀၀ဦး၊ Finishing Workers ၁၅၀ ဦး၊ Quality Control Workers ၈၀ ဦး၊ Cutting Workers ၈၀ ဦးတို့သာ ခန့်ထားလုပ်ကိုင်စေ၍ စက်အရေအတွက်များပြီး Sewing Worker နည်းနေသဖြင့် စက်အားလုံးလည်ပတ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ လူဦးရေအခြေခံတွက်ချက်မည်ဆိုပါက -

ချုပ်ထည်	ကုန်ထုတ် စက်	တစ်ရက် ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ် လုပ်မှု (၃၁၀)ရက်
1. Ladies' Tanktop	စက်(၁)လိုင်း	10000 pcs/10 hour	3100000 pcs
2. Ladies' Short Sleeve Top	စက်(၁)လိုင်း	7500 pcs/10 hour	2325000 pcs
3. Ladies' V-neck Long Sleeve Top	စက်(၁)လိုင်း	6250 pcs/10 hour	1937500 pcs

အဆိုပြုချက်ပါ ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် စက်အားလုံး မလည်ပတ်နိုင်သဖြင့် အဆိုပြုချက် တစ်ဝက်ခန့်သာ ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရ၍ ပြင်ဆင်တင်ပြသင့်ပြီး ထုတ်လုပ်မှုအတိုင်းသာ ကုန်ကြမ်းတင်သွင်းသင့်ပါသည် -

ချုပ်ထည်	အဆိုပြုထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ(ထည်)
1. Ladies' Tanktop	4000000 pcs	3100000-3100500 pcs
2. Ladies' Short Sleeve Top	5000000 pcs	2325000-2325500 pcs
3. Ladies' V-neck Long Sleeve Top	5000000 pcs	1937500-1938000 pcs

၃။ သို့ဖြစ်ပါ၍ Pak Chun Industrial Ltd အား ပြင်ဆင်တင်ပြသင့်သည်များကို ပြင်ဆင်တင်ပြစေပြီးမှသာ ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ထင်အောင်၊ အတွင်းရေးမှူး)
(ဒုတိယဝန်ကြီး၊အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

မိတ္တူကို

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
(CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
Pak Chun Industrial Ltd
ရုံးလက်ခံ
မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

☎ -၀၁-၆၅၈၁၂၈

🖷 -၀၁-၆၅၈၁၄၁

စာအမှတ်၊ရက- ၃/ န-၁၂၉၃/၂၀၁၆(၂၉ - ၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

Pak Chun Industrial Ltd. သည် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ပေးပို့ခဲ့သော သဘောထားမှတ်ချက်နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည်ဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင် တင်ပြလာပါသဖြင့် ရင်းပြင်ဆင်ချက်ကို အောက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)

(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁။	CMPလုပ်ငန်းများကြီးကြပ်ရေးကော်မတီ	[illegible]	[illegible]	လက်ခံနိုင်ပါသည်/ ~~ပြန်လည်စိစစ်ရန် လိုအပ်ပါသည်~~/ ~~လက်မခံနိုင်ပါ~~	ရွှေသီတာ

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ